ကျေးကျွန်တစ်ဦး နာမကျန်းဖြစ်သည့်အခါ သို့မဟုတ်

ခရီးထွက်သည့်အခါတွင် ၎င်းသူ မိမိ၏ဒေသ၌

ကျန်းမာသန်စွမ်းစဉ် ကျင့်ဆောင်ခဲ့သည့်အတိုင်း

အကျိုးကုသိုလ်ရေးမှတ်ခြင်းခံရမည်။

အဗူမူစာအရှ်အရီ(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ကျေးကျွန်တစ်ဦး နာမကျန်းဖြစ်သည့်အခါ သို့မဟုတ် ခရီးထွက်သည့်အခါတွင် ၎င်းသူ
မိမိ၏ဒေသ၌ ကျန်းမာသန်စွမ်းစဉ် ကျင့်ဆောင်ခဲ့သည့်အတိုင်း
အကျိုးကုသိုလ်ရေးမှတ်ခြင်းခံရမည်။ [صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်၊ကရုဏာတော်နှင့် ပတ်သက်၍ ပြောပြတော်မူခဲ့သည်။ မွတ်စ်လင်မ်တစ်ဦးသည်ကျန်းမာသန်စွမ်းပြီး မိမိဒေသ၌ရှိနေစဉ် အမလ်ကောင်းမှုများ ပြုလုပ်လေ့ရှိပါကထိုသူနာမကျန်းဖြစ်သည့်အခါ သို့မဟုတ် ခရီးထွက်သည့်အတွက် မအားလပ်သည့်အခါ သို့မဟုတ်အခြားအကြောင်းတစ်စုံတစ်ရာကြောင့် ထိုအမလ်ကောင်းမှုများကို မဆောင်ရွက်နိုင်သည့်အခါထိုသူကျန်းမာသန်စွမ်းပြီး မိမိဒေသ၌ရှိနေချိန်တွင် အမလ်ကောင်းမှုများကျင့်ဆောင်ခဲ့သည့်အတိုင်း အကျိုးကုသိုလ် အပြည့်အဝ ရေးမှတ်ခြင်းခံရမည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/3553